FNI

# မော်တော်ယာဉ်အာမခံ

လူကြီးမင်းတို့ပိုင်ဆိုင်သော မော်တော်ယာဉ်များ မတော်တဆထိခိုက်မှုကြောင့်ပျက်စီးဆုံးရှုံးမှုများကို ငွေကြေးအထောက်အပံ့ ပြန်လည်ရရှိနိုင်သော အာမခံအမျိုးအစား ဖြစ်ပါသည်။

**အာမခံထားခွင့်ရှိသူ** - ယာဉ်ပိုင်ရှင်(သို့)ယာဉ်ကိုတာဝန်ယူကြီးကြပ်သူ

**အာမခံထားရှိနိုင်သည့်** - ကညနမှ တရားဝင်ခွင့်ပြုထားသောယာဉ်များနှင့် ဝန်ချီစက်၊ မြေတူးစက်၊ မြေသယ်စက်

**မော်တော်ယာဉ်အမျိုးအစား** အစရှိသည့် Mobile Plant များ

**အာမခံတန်ဘိုး** - အာမခံထားမည့်ယာဉ်၏ကာလပေါက်ဈေး (Market Value) ဖြင့် လက်ခံပါသည်။
(မော်တော်ယာဉ်အပိုပစ္စည်းများအတွက်လည်း အာမခံထားနိုင်ပါသည်။)

**အာမခံသက်တမ်း** - အနည်းဆုံး (၃)လမှ အများဆုံး (၁)နှစ်

**ပရီမီယံနှုန်း** - ယာဉ်တန်ဖိုး၊ ယာဉ်အသုံးပြုပုံနှင့် အင်ဂျင်ပါဝါပေါ်မူတည်၍ အနည်းဆုံး ၁.၀၇၂% - အများဆုံး ၁.၇၃၄%

**မော်တော်ယာဉ်အာမခံထားခြင်းအားဖြင့်ရရှိနိုင်သောအကျိုးကျေးဇူးများ**

ယာဉ်တိုက်မိခြင်း ၊ ယာဉ်တိမ်းမှောက်ခြင်း ၊ မီးလောင်ပျက်စီးခြင်း၊ ပြင်ပမီးကူးစက်လောင်ခြင်း၊ ယာဉ်အလိုအလျောက် မီးလောင်ခြင်း၊ မိုးကြိုးပစ်ခြင်း၊ ယာဉ်အား မလိုတမာဖျက်ဆီးခံရခြင်း၊ ယာဉ်ပေါ်သို့ပစ္စည်းတစ်ခုခုပြုတ်ကျခြင်း၊ ယာဉ်ကို တစ်နေရာမှ တစ်နေရာသို့ ယာဉ်၊ ရထား၊ ပြည်တွင်းရေကြောင်း၊ ခေတ်လှေကား/စက်လှေကား စသည်တို့ဖြင့် သယ်ဆောင်တင်/ချ ပြုလုပ်နေစဉ် ပျက်စီးခြင်းများ အတွက် လျော်ကြေး ပြန်လည်ရရှိနိုင်ပါသည်။ ထို့အပြင် ယာဉ်မတော်တဆမှုကြောင့် သူတစ်ပါးပိုင်ယာဉ်/ပစ္စည်း ထိခိုက်ပျက်စီးခြင်း၊ လူသေဆုံးခြင်းနှင့် ဒဏ်ရာရခြင်းများ အတွက်ပါ အကာအကွယ်များ ရရှိနိုင်ပါသည်။

**အပိုအကာအကွယ်များ**

မော်တော်ယာဉ်အာမခံနှင့်အတူ အောက်ဖော်ပြပါ အကာအကွယ်များကိုလည်း ဝယ်ယူနိုင်ပါသည်။

| စဉ် | မယူမနေရအကာအကွယ်များ(Compulsory) | ပရီမီယံနှုန်း |
|---|---|---|
| ၁ | ရှေ့လေကာမှန် | ရှေ့လေကာမှန်တန်ဘိုး ၏ ၆.၅% |
| ၂ | သပိတ်မှောက်မှု၊ အဓိကရုဏ်း (သို့) လူထုအုံကြွမှု | အာမခံတန်ဘိုး၏ ၀.၀၆၅% |
| | **အပိုအကာအကွယ်များ** | **ပရီမီယံနှုန်း** |
| ၁ | ခိုးယူပျောက်ဆုံးမှု | အခြေခံပရီမီယံ၏ ၁၅% |
| ၂ | သဘာဝဘေးအန္တရာယ် | အာမခံတန်ဘိုး၏ ၀.၀၆၅% |
| ၃ | စစ်ဘေးအန္တရာယ် | အာမခံတန်ဘိုး၏ ၀.၀၆၅% |
| ၄ | Nil Excess (Private/Commercial) | ၂၅,၀၀၀/- ကျပ် |
| ၅ | Betterment အကာအကွယ် | အခြေခံပရီမီယံ၏ ၃၀% |

**Betterment** အပိုအကာအကွယ် မဝယ်ယူထားပါက ပေါ်လီစီရှင်မှ မော်တော်ယာဉ် သက်တမ်းအလိုက် လျော်ကြေးငွေပေါ်တွင် အချိုးကျကျခံရမည်ဖြစ်ပါသည်-

| မော်တော်ယာဉ်သက်တမ်း (နှစ်) | ကောင်းမွန်လာသောနှုန်း |
|---|---|
| ၃ နှစ်အထိ | ၅% |
| ၄ | ၁၀ % |
| ၅ | ၁၅ % |
| ၆ | ၂၀ % |
| ၇ | ၂၅ % |
| ၈ | ၃၀ % |
| ၉ | ၃၅ % |
| ၁၀ နှစ် နှင့်အထက် | ၄၀ % |

ရုံးချုပ်
အမှတ်(၄၀၀/၄၀၆)၊ ကုန်သည်လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
E-mail:customerservices@fnigeneral.com
CALL CENTER 01-9010900

## နုတ်ဖြတ်ငွေ(Excess)

စံနုတ်ဖြတ်ငွေ (Standard Excess) = ကျပ် တစ်သိန်း

- အာမခံထားသူက လျော်ကြေးတွင် ဦးစွာကျခံရမည့် တန်ဖိုးဖြစ်ပါသည်။
- နုတ်ဖြတ်ငွေ တိုးမြှင့်သည်နှင့်အမျှ အာမခံပရီမီယံကြေးတွင် လျှော့ပေါ့ခံစားခွင့်ရှိပါသည်။

ထပ်တိုး နုတ်ဖြတ်ငွေများကိုလည်း အောက်ပါအတိုင်းရွေးချယ် ဝယ်ယူနိုင်ပါသည်။ (အာမခံထားငွေ ကျပ် သိန်း ၂၀၀ နှင့်အထက် ပေါ်လစီများ အတွက်သာ)

| Additional Excess | Premium Discount |
|---|---|
| ၂၀၀,၀၀၀/- ကျပ် | ၂၅,၀၀၀/- ကျပ် |
| ၃၀၀,၀၀၀/- ကျပ် | ၃၅,၀၀၀/- ကျပ် |
| ၅၀၀,၀၀၀/- ကျပ် | ၆၀,၀၀၀/- ကျပ် |

**အုပ်စုလိုက်လျှော့နှုန်း** - အာမခံထားသူတစ်ဦးတည်းမှ တစ်ချိန်တည်းတွင် ယာဉ်(၁၀)စီး (သို့မဟုတ်) ယာဉ်(၁၀)စီး နှင့်အထက် အာမခံ ထားပါက **Fleet Discount** အဖြစ် အခြေခံပရီမီယံပေါ်တွင် (၁၀ %) လျှော့ပေး မည်ဖြစ်ပါသည်။

**လျော်ကြေးမဲ့ဆု (No Claim Bonus)** - အာမခံထားသည့် သက်တမ်းတစ်နှစ်အတွင်း လျော်ကြေးတောင်းခံခြင်းမရှိပါက သက်တမ်းတိုးသည့်အခါ လျော်ကြေးမဲ့ဆုအဖြစ် မော်တော်ယာဉ်အာမခံအခြေခံပရီမီယံပေါ်မှ အောက်ပါအတိုင်းလျှော့ပေးမည်ဖြစ်ပါသည်-

| စဉ် | အာမခံသက်တမ်း | ကိုယ်ပိုင်ယာဉ် | လုပ်ငန်းသုံးယာဉ် |
|---|---|---|---|
| ၁ | ပထမနှစ် | - | - |
| ၂ | ဒုတိယနှစ် | ၂၅% | ၁၅% |
| ၃ | တတိယနှစ် | ၃၀% | ၂၀% |
| ၄ | စတုတ္ထနှစ် | ၄၀% | ၂၅% |

**အာမခံထားသည့်ယာဉ်အားရောင်းချခဲ့ပါက ထိုယာဉ်နေရာတွင်မိမိပိုင်အခြားယာဉ်ကိုအစားထိုးနိုင်ပါသည်။**

**မော်တော်ယာဉ်အာမခံထားရှိရန်လိုအပ်ချက်များ**
- Owner Book မိတ္တူ (သက်တမ်းအတွင်းဖြစ်ရမည်)
- Wheel Tax မိတ္တူ
- ယာဉ်ပိုင်ရှင်၏ မှတ်ပုံတင်မိတ္တူ
- အဆိုပြုထားသော ယာဉ်မောင်းတစ်ဦးချင်း၏ ယာဉ်မောင်းလိုင်စင်မိတ္တူ

**လျော်ကြေးပေးချေမှု**

ယာဉ်လုံးဝပျက်စီးခြင်း (Total Loss) အတွက် ယာဉ်တန်ဘိုး (အာမခံတန်ဘိုးထက်ကျော်လွန် ခြင်းမရှိစေရ)ကို ပေးလျော်ပြီး တစ်စိတ်တစ်ဒေသပျက်စီးခြင်း (Partial Loss) အတွက် ပျက်စီးသည့်အစိတ်အပိုင်းအလိုက် ပြုပြင်လဲလှယ်တပ်ဆင် ပေးလျော်မည်ဖြစ်ပါသည်။

**အာမခံထားရှိလိုပါက**

FNI (General) ရုံးချုပ်နှင့် ရုံးခွဲများသို့လည်းကောင်း၊ FNI (General) နှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော အာမခံကိုယ်စားလှယ်များသို့လည်းကောင်း ဆက်သွယ်၍ အာမခံထားရှိနိုင်ပါသည်။

အထက်ဖော်ပြပါ အကြောင်းအရာများမှာ မော်တော်ယာဉ်အာမခံ အချက်အလက်များကို အကျဉ်းချုပ်ဖော်ပြထားခြင်းသာ ဖြစ်ပြီး ပေါ်လစီ၏ စည်းမျဉ်းစည်းကမ်းများနှင့် သတ်မှတ်ချက်များကို www.fnigeneral.com တွင် အာမခံအမျိုးအစားအလိုက် ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။

ရုံးချုပ်
အမှတ်(၄၀၀/၄၀၆)၊ ကုန်သည်လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
E-mail:customerservices@fnigeneral.com
CALL CENTER 01-9010900

လျော်ကြေးကိစ္စ တစ်စုံတစ်ရာပေါ်ပေါက်ပါက
**Claim Hot Line : 09-940777888** သို့
ချက်ချင်း အကြောင်းကြားရပါမည်။